ဒုတိယအိမ်-- နိုင်ငံတကာစာပေဆက်ဆံရေးအင်အားစု
P.O Box 201 Rochester, NY 14580------Ph: 585-957-6452----Fax: 585-671-4707

ကျနော်တို့လူငယ်တွေ၊ " ဒီရေမြင့်သစ် " "တရုတ်ပြည်ပေါ်ကကြယ်နီ" " အိုယမ်ဟိုင်ရဲ့တေးသံ " " မော်စီတုံးရဲ့လက်ရွေးစင်ဆောင်းပါးများ" "တောင်များရဲ့တောင်၊ ပင်လယ်များရဲ့မြောက်ဘက်ဆီသို့"— စတဲ့လက်ဝဲစာအုပ်တွေကိုဖတ်ပြီးစိတ်ကူးယဉ်နေချိန်-လက်တွေ့ဘဝတွေထဲမှာတော့ သစ္စာဖောက်မှုတွေ၊ လိမ်ညာမှုတွေ၊ ယမ်းနံ့တွေ၊ သွေးညှီနံ့တွေကိုခံစားလိုက်ရပါတယ်။

၁၉၈၉ မှာ-တီယင်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှုကိုအကြမ်းဖက်သတ်ဖြတ်ပြီးတုံ့ပြန်လိုက်တဲ့အခါ၊
တရုတ်ကွန်မြူနစ်ခေါင်းဆောင်တွေကကျနော်တို့ရဲ့လွတ်မြောက်ရေးလှုပ်ရှားမှုတွေကိုနောက်ကျောကနေသွေးအေးအေးနဲ့- ဓါးနဲ့ထိုးလိုက်တဲ့အခါ၊
" တကမ္ဘာလုံးရှိအလုပ်သမားထုကြီးညီညွတ်ကြလော့" ဆိုတဲ့ကြွေးကြော်သံတွေက " ဟန်တရုတ်လူမျိုးကြီးပွားဖို့အတွက်၊ ကမ္ဘာမီးလောင်သားကောင်ချနင်းကြလော့" ဆိုတဲ့မိုးခြိမ်းသံတွေအဖြစ်ကွဲအက်ကျယ်လောင်စွာအသွင်ပြောင်းခဲ့ပါတယ်။






တီယင်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှု အနှစ် (၂၀) ပြည့်ခဲ့ပါပြီ။ တရုတ်ကာကွယ်ရေးတပ်မတော်ရဲ့တင့်ကားတွေရှေ့မှာ ခိုင်ခိုင်မာမာရပ်ပြီးစိန်ခေါ်နေတဲ့ ကျောင်းသားတယောက်ရဲ့သတ္တိကိုနိုင်ငံတကာမီဒီယာတွေကအမှတ်တရပြန်လည်ထုတ်လွှင့်နေသလို၊ တရုတ်ပြည်ကထွက်ပြေးလာတဲ့ကျောင်းသားတွေ၊ နိုင်ငံရေးသိပ္ပံပါမောက္ခတွေ၊ စာပေအနုပညာသမားတွေရဲ့တရုတ်ပြည်နဲ့ပတ်သက်ပြီးဆွေးနွေးငြင်းခုန်နေကြတဲ့အရာတွေစိတ်ဝင်စားဘွယ်ကောင်းနေပါတယ်။

<u>သေချာတာတခုကတော့-ကျောင်းသားကိုသတ်ဖို့ဝန်မလေးတဲ့ ဘယ်လိုအုပ်စိုးသူလူတန်းစားမဆို- သိတ်ကြောက်ဖို့ကောင်းတယ်ဆိုတဲ့အချက်ပါပဲ။</u>

## Li Peng လီပင်း-(သို့မဟုတ်) ပီကင်းမြို့ကသားသတ်သမား

တီယင်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှုကိုဖြိုခွဲခဲ့တဲ့ဝန်ကြီးချုပ်လီပင်းကို "ပီကင်းမြို့ကသားသတ်သမား" အဖြစ်ပြည်သူတွေကခေါ်ဝေါ်ခဲ့ကြတယ်။ သူဟာ ကွန်မြူနစ်ပါတီရဲ့အမာခံကွန်ဆာဗေးတစ်တယောက်ဖြစ်တယ်။ သူ့ရဲ့မာကျောခက်ထန်ပြီးစွဲဆောင်မှုမရှိတဲ့ဥပမိရုပ် နဲ့ ကျောင်းသားလှုပ်ရှားမှုကို ရက်ရက်စက်စက်ဖြိုခွဲခဲ့တာကြောင့် တရုတ်ပြည်သူလူထုကြားမှာလူကြိုက်နည်းခဲ့တယ်။ သူ့မှာကလေး (၃) ယောက်ရှိတယ်။ သူ့ရဲ့မိန်းမဖြစ်သူ Li Hiaoyong က ဟောင်ကောင်မှာ Zhu Feng ဆိုတဲ့နာမည်နဲ့နိုင်ငံသားခံနေထိုင်ခွင့်ရသူဖြစ်တယ်။ ဟောင်ကောင် မှာ သန်း (၃၄) သန်းနီးပါးတန် ဈေးကြီးကြီးအိမ်တွေကိုဝယ်ယူနေထိုင်ခဲ့သလို၊ သူ့ရဲ့သားသမီးတွေဖြစ်တဲ့ Li Xiaopen ( သားကြီး)၊ Li Xiaolin ( သမီးလတ်)၊ Li Xiaoyong ( သားငယ်) တို့ကလည်း စင်္ကာပူ၊ဟောင်ကောင်လိုနိုင်ငံတွေမှာ အင်မတန်ဈေးကြီးတဲ့အိမ်တွေကိုဝယ်ယူနေထိုင်လေ့ရှိတယ်။ စင်္ကာပူနိုင်ငံ Tanjongrhu Rd မှာသူတို့ရဲ့သန်းချီတန်တဲ့အိမ်ကိုတွေ့ရပါလိမ့်မယ်။

ဟောင်ကောင်၊စင်္ကာပူနိုင်ငံတွေကို ဈေးဝယ်ထွက်လေ့ရှိတယ်။ လီပင်းရဲ့သားငယ်ဟာ စင်္ကာပူနိုင်ငံကစားသောက်ဆိုင်ကိုတပတ် လေးငါးကြိမ်လောက်သွားစားလေ့ရှိပြီး တခါတခါစားသောက်သုံးဖြုံးရင်၊ ဒေါ်လာ ငါ့ထောင့်ငါးရာလောက်ကုန်လေ့ရှိပါတယ်။ပြည်သူလူထုဟာ လီပင်းမိသားစုရဲ့ငွေကြေးပိုင်ဆိုင်မှု၊ ဖြုန်းတီးမှုတွေကို

တအံတသြဖြစ်ခဲ့ရတယ်။ ဒေါသထွက်ခဲ့ရပါတယ်။ The New Nation Great ကော်ပိုရှင်းဟာ လီပင်းမိသားစုရဲ့ငွေကြေးခြစားမှုကိုခံခဲ့ရတဲ့သူတွေဖြစ်တယ်။

ဒါကြောင့်လီပင်းမိသားစုနေထိုင်ရာအိမ်ရှေ့ကိုသွားပြီး
" လီပင်း-မင်းရဲ့သားသမီးတွေသုံးဖြုံးနေတဲ့ငါတို့ရဲ့ပိုက်ဆံတွေကိုပြန်ပေးပါ"လို့ဆန္ဒပြတောင်းဆိုလေ့ရှိပါတယ်။
လီပင်းမိသားစုရဲ့ငွေကြေးခြစားမှုတွေကိုတရုတ်အစိုးရကသိရှိနေခဲ့တဲ့အတွက် ဆန္ဒပြပွဲလုပ်တဲ့အခါတိုင်းတရုတ်ရဲတွေကစောင့်ကြပ်ကြည့်နေခဲ့ကြတယ်။
ဆန္ဒပြသူတွေကိုဖမ်းဆီးအရေးယူမှုမပြုလုပ်ခဲ့ပါ။





ပီကင်းမြို့ကလူသတ်သမားအဖြစ်နာမည်ဆိုးနှင့်ကျော်ကြားခဲ့သူတရုတ်ကွန်မြူနစ်ပါတီရဲ့ဝန်ကြီးချုပ်လီပင်း၊
သူ့ရဲ့နောက်ဆုံးနေရက်တွေကပြည်သူလူထုရဲ့မုန်တီးစက်ဆုတ်မှုများထဲမှာ

## ကျောက်ကျိယန် (သို့မဟုတ်)သမိုင်းစာမျက်နှာကနေရာပျောက်ခဲ့ရသူ

၂၀၀၅ ဂျန်နဝါရီလ (၁၇) ရက်နေ့မှာတရုတ်ကွန်မြူနစ်ပါတီရဲ့အထွေထွေအတွင်းရေးမှူး " ကျောက်ကျိယန်"ကွယ်လွန်သွားတော့ တရုတ်ပြည်သူ့နေ့စဉ်သတင်းစာရဲ့ Strong Nation Forum နဲ့ Sina.com လို အကြီးစားအင်တာနက်ဝက်ဆိုက်တွေ မှာ "ကျောက်ကျိယန်" အတွက်ဝမ်းနည်းကြေကွယ်မှုသဝဏ်လွှာတွေ ပင်လယ်လှိုင်းတွေလိုတရိပ်ရိပ်တက်ပြည့်နှက်နေခဲ့ပါတယ်။ တရုတ်အစိုးရကထိန့်လန့်တုန်လှုပ်စွာအမြန်ဆုံးဖျက်ဆီးပစ်ခဲ့ကြပါတယ်။
တကယ်တော့ " ကျောက်ကျိယန်" ရဲ့နာမည် ကိုဖော်ထုတ်လိုက်မယ်ဆိုရင် တရုတ်အစိုးရကျူးလွန်ခဲ့တဲ့ တီယင်မင်ရင်ပြင်လူသတ်ပွဲကိုအစပြန်ဖော်ပေးသလိုဖြစ်သွားပါလိမ့်မယ်။ "ကျောက်ကျိယန်" ကတိန့်ရှောင်ဖိန်၊ လီပင်းတို့ရဲ့ကျောင်းသားထုအပေါ်ခြိမ်းခြောက်အနိုင်ကျင့်မဲ့လုပ်ရပ်တွေကိုလက်မခံခဲ့ပါဘူး။

စစ်အုပ်ချုပ်ရေးနဲ့ပြည်သူလူထုရဲ့ဆန္ဒကိုအညွန့်ကျိုးစေတဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့အာဏာစက်ကိုငြင်းဆန်ခဲ့ဘူးပါတယ်။
ဒါပေမဲ့ ပါဝါလွန်ဆွဲပွဲမှာ သူရှုံးနိမ့်ခဲ့ရပါတယ်။ တီယင်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှုကိုသွေးချောင်းစီးမှုတွေနဲ့ဖြေရှင်းလိုက်အပြီးမှာတော့ တရုတ်ကွန်မြူနစ်ပါတီက " ကျောက်ကျိယန်" ကိုရာထူးအားလုံးကဖြုတ်ချပြီး နေအိမ်မှာအကျယ်ချုပ်ထိန်းသိမ်းထားခဲ့ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီရဲ့ခေါင်းဆောင်တယောက်အဖြစ် သမိုင်းစာအုပ်တွေကနေဖယ်ရှားပစ်လိုက်ပါတယ်။ "ကျောက်ကျိယန်" က သူနေအိမ်အကျယ်ချုပ်ကျခံနေရစဉ်မှာ-တီယင်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှုကိုဖြေရှင်းခဲ့တဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့လုပ်ရပ်ကိုပြန်လည်သုံးသပ်ဖို့စာတမ်းတွေအကြိမ်ကြိမ်ရေးပို့ခဲ့ဘူးပါတယ်။ (၁၅) ကြိမ်မြောက်တရုတ်ပြည်ကွန်မြူနစ်ပါတီညီလာခံတုံးကတကြိမ်၊ ၁၉၉၈ အမေရိကန်သမ္မတ ဘီလ်ကလင်တန်တရုတ်ပြည်ကိုအလည်သွားရောက်စဉ်ကတကြိမ်တုံးကသူ့ရဲ့စာတမ်းတွေကိုတင်သွင်းခဲ့ပေမဲ့ တရုတ်အစိုးရကတရားဝင်ထုတ်ဝေမှုမလုပ်ခဲ့ပါဘူး။




ကျောက်ကျိယန်ရဲ့နောက်မှာရပ်နေတဲ့ မရယ်မပြုံးပုဂ္ဂိုလ်က ဝမ်ကျားပေါင်ဖြစ်တယ်

ကျောင်းသားတွေအပေါ်မှာပျော့ပြောင်းစွာဆက်ဆံတတ်တဲ့တရုတ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးဟောင်း "ကျောက်ကျိယန်" စာတမ်းတွေရေးနေစဉ်တုံးက တီယင်မင်ရင်ပြင်ကျောင်းသားလှုပ်ရှားမှုမှာသူနဲ့အတူသွားရောက်ခဲ့တဲ့ ဝမ်ကျားပေါင် ( လက်ရှိဝန်ကြီးချုပ်) ကိုသတိယလေ့ရှိပါတယ်။ "ကျောက်ကျိယန်" က ၁၉၈၉ ကာလမှာ ဝမ်ကျားပေါင်ရဲ့ဆရာဖြစ်ခဲ့ပါတယ်။ကျောင်းသားတွေနဲ့သူ့ကြားကဆွေးနွေးပွဲတွေကိုမျက်မြင်သက်သေအဖြစ်ကြားခဲ့သူက တရုတ်ကွန်မြူနစ်ပါတီမှာဝမ်ကျားပေါင်တဦးတည်းသာရှိခဲ့ပေမဲ့၊ ဝမ်ကျားပေါင်က ပါတီနဲ့အတိုက်အခံဖြစ်မဲ့စကားတွေပြောဖို့သတ္တိမရှိသလို၊ "ကျောက်ကျိယန်" ဘက်ကရပ်တည်ပေးဖို့အတွက်လည်းစိတ်ကူးမရှိပါဘူး။

နေအိမ်အကျယ်ချုပ်ဘဝနဲ့ (၅) နှစ်ကျော်နေထိုင်ပြီးတဲ့အခါမှာတော့ "ကျောက်ကျိယန်"ဟာ ကိုမားဝေဒနာရခဲ့ပါတယ်။ နောက်တနှစ်အကြာမှာ- ၂၀၀၅ ခုနှစ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။တရုတ်ကွန်မြူနစ်အာဏာပိုင်တွေဟာ ကျောက်ကျိယန်သေဆုံးသွားခဲ့ပေမဲ့၊ ချူအင်လိုင်း၊ ဟူရောင်ဘန်္ဂို့တုံးကလိုဈာပနအခမ်းအနားမျိုး လိုဖြစ်သွားမှာစိုးရိမ်ထိပ်လန့်ခဲ့ကြပါတယ်။

ဒါကြောင့်လည်း "ကျောက်ကျိယန်" ကိုလေးမြတ်စွာလာရောက်ဂါရဝပြုချင်တဲ့ကျောင်းသားပြည်သူတွေကိုကန့်သတ်ချုပ်ချယ်ခဲ့တယ်။

ဈာပနအခမ်းအနားကိုတက်ရောက်မဲ့လူဦးရေကိုကန့်သတ်ပေးထားခဲ့ရတယ်။

ကျောက်ကျိယန်ရဲ့မိသားစုတွေက တရုတ်အစိုးရရဲ့သူ့တို့မိသားစုအပေါ်စာနာနားလည်မှုမရှိတဲ့၊ လူသားမဆန်လှတဲ့လုပ်ရပ်တွေကိုအံ့ဩမိပါသတဲ့။

"ကျောက်ကျိယန်" ရဲ့ဈာပနအခမ်းအနားကိုရေးထားတဲ့စာအုပ်လေးကိုဖတ်လိုက်ရတဲ့အခါခံစားလိုက်ရပါတယ်။

တရုတ်ပြည်ကိုစီးပွားရေးအရတိုးတက်ခိုင်မာစေချင်တဲ့မျိုးချစ်ပုဂ္ဂိုလ်တယောက်ရဲ့ဇာတ်သိမ်းခန်းကဒီလောက်ပဲလား လို့တွေးနေခဲ့မိတယ်။

တရုတ်ကွန်မြူနစ်ပါတီရဲ့အတွင်းရေးတွေကိုလျှို့ဝှက်ရေးလာတဲ့စာအုပ်တွေတနေ့တခြားများပြားလာပါပြီ။

## ဝန်ကြားပေါင် (သို့မဟုတ်) ပြုံးနေတဲ့ကွန်မြူနစ်---စိန်ကုန်သည်






တရုတ်ပြည်ဝန်ကြီးချုပ်ဝမ်ကျားပေါင်က " ဆူဒန်နိုင်ငံမှာငြိမ်းချမ်းရေးတပ်ဖွဲ့တွေကိုကျနော်တို့တရုတ်နိုင်ငံကပဲစတင်စေလွှတ်ခဲ့တာပါ"လို့အင်တာဗျူးတခုမှာပြောခဲ့ဘူးပါတယ်။ တရုတ်ဝန်ကြီးချုပ်က ဆူဒန်နိုင်ငံကိုဘာလို့သူ့ရဲ့စစ်တပ်ကိုစေလွှတ်ခဲ့ရပါတယ်ဆိုတဲ့အကြောင်းအသေးစိတ်ပြောရင်ပိုပြီးကောင်းမယ်ထင်ပါတယ်။ တကယ်တော့ စီအင်အင်သတင်းထောက်တွေမေးတဲ့မေးခွန်းတွေကလည်းအဆင့်အတန်းသိတ်မရှိလှပါဘူး။ တရုတ်စစ်သင်္ဘောတွေကိုဘာကြောင့်အာဖရိကန်ယူနီယံက သပိတ်မှောက်ပြီး၊ ဆိပ်ကမ်းကပ်ခွင့်မပေးခဲ့တာလဲ။ တရုတ်ပိုင်ကုမ္ပဏီတွေကိုဘာလို့ဆူဒန်လက်နက်ကိုင်သူပုန်တပ်ဖွဲ့တွေကခြိမ်းခြောက်၊ ဝင်ရောက်ပစ်ခပ်နေတာလဲ ဆိုတဲ့မေးခွန်းတွေကိုမေးသင့်ပါတယ်။ အဲ့ဒီမေးခွန်းတွေဟာ ဆူဒန်နိုင်ငံဆီစေလွှတ်တဲ့တရုတ်ငြိမ်းချမ်းရေးတပ်ဖွဲ့တွေအကြောင်း၊ အာဏာရှင်ဝန်ရိုးစွန်းနိုင်ငံများရဲ့ဆက်သွယ်မှုအကြောင်းကိုပြောပြပါလိမ့်မယ်။

အာဏာရှင်တွေက သူတို့ဩဇာတည်မြဲဖို့အတွက် ပါတီဆိုင်းဘုတ်ကိုစွဲစွဲမြဲမြဲကိုင်ဆွဲနေပါအုံးမယ်။ အနှစ်သာရတွေပျောက်ခဲ့ပြီးမှတော့-ပါတီနာမည်ဝါဒဟာရဆိုတာတွေကလည်း ကိစ္စမရှိတော့ပါ။ ကြိုက်သလိုနာမည်ပေးနိုင်ပါတယ်။တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင်တွေရဲ့သားသမီးတွေဟာ အမေရိကန်ပြည်ထောင်စုကစာသင်ကျောင်းတွေမှာ ကောင်းကောင်းမွန်မွန်ပညာသင်ကြားနိုင်ခွင့်ရခဲ့ကြသလို၊ သူတို့ရဲ့မိန်းမတွေဟာလည်းတရုတ်ပြည်ရဲ့စီးပွားရေးလုပ်ငန်းတွေမှာထိပ်ထိပ်ကြဲစိုးမိုးချယ်လှယ်နိုင်ကြ

သူတွေဖြစ်နေတာကိုတွေ့ရပါလိမ့်မယ်။ တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်ရဲ့သား Wen Yunsong ဟာ အမေရိကန်ပြည်ထောင်စုက Northwestern University ကဘွဲ့ကိုလူချမ်းသာတယောက်လိုနေပြီး ဆွတ်ခူးရခဲ့သလို၊ သူ့ရဲ့မိန်းမဖြစ်တဲ့ Zhang Peili  ဟာကျောက်မျက်ရတနာရောင်းဝယ်ရေးအဖွဲ့ရဲ့ဒုဥက္ကဋ္ဌ၊ စိန်ကုန်သည်ကြီးများအသင်းရဲ့ဥက္ကဋ္ဌဖြစ်တယ်။

ကျနော်တို့ဖြတ်သန်းခဲ့ရတဲ့ဘဝတွေကအတွေးအခေါ်တွေကိုပြောင်းလဲစေခဲ့ပါတယ်။
စာအုပ်တွေထဲကသဘောတရားတွေ၊ သီအိုရီတွေကိုအလွတ်ရွတ်ပြနိုင်ခဲ့ပေမဲ့စစ်အေးတိုက်ပွဲအပြီးမှာတော့မိတ်ဆွေလို့ထင်ထားမိခဲ့သူတွေဆီကယဉ်ကျေးတဲ့တေးသံကို ရဖို့ဆိုတာ-သိတ်ပြီးခက်ခဲနေခဲ့ပါတယ်။ ကျနော်ကတော့တီယင်မင်ရင်ပြင်ပေါ်မှာ လေဘာတီရုပ်ထုကိုတည်ဆောက်ဖို့ကြိုးစားနေကြတဲ့တရုတ်ကျောင်းသားတွေရဲ့ "လွတ်မြောက်မှုနဲ့ သေခြင်းတရား ဘယ်အရာကိုရွေးမလဲ" ဆိုတဲ့အိပ်မက်ရဲရဲတွေထဲ၊ပြေးဝင်ကြည့်လိုက်မိပါတယ်။
ပြည်သူကိုဖိနှိပ်သော အာဏာရှင်များကျဆုံးကြပါစေသား။

အောင်မိုးဝင်း